# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၄။ ငှက်များ

**ပထမပတ်**

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ခ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း<br>- ဗျည်းအက္ခရာကတ်ပြားများဖြင့်နှစ်သက်ရာကစားခြင်း(ပြောဆိုဆက်သွယ်) | - "ခ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "ခ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း<br>- လမင်းထဲကယုန်ကလေး (ကဗျာ) ကို ရွတ်ဆိုခြင်း(ပြောဆိုဆက်သွယ်) | - "ဆ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "ဆ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း<br>- "ဘဲကလေး"(ကဗျာ)ကိုရွတ်ဆိုခြင်း(ပြောဆိုဆက်သွယ်) | - နှစ်သက်ရာ(ပုံပြင်)ပါရုပ်ပုံများမှနှစ်သက်ရာပုံကိုရေးဆွဲခြင်း<br>- "ခ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း<br>- နှစ်သက်ရာဗျည်း(ကဗျာ)ရွတ်ဆိုခြင်း(ပြောဆိုဆက်သွယ်) | - "ဆ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း<br>- ကျောပေါ်တွင်အက္ခရာရေးခြင်းကစားနည်း<br>- "ကျောင်းနေစ"ကဗျာရွတ်ဆိုခြင်း(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - One,Two ကဗျာရွတ်ဆိုခြင်း<br>- 1to5ကိုရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း 1ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 1 ကို ရွေးချယ်ခြင်း<br>- အင်္ဂလိပ်ကိန်း 1 ကို အစက်များပေါ်တွင်ရေးခြင်း<br>- အင်္ဂလိပ်ကိန်း 1 ကို လေးကြောင်းမျဉ်းတွင်ရေးခြင်း(ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း 2 ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 2 ကိုရွေးချယ်ခြင်း<br>- အင်္ဂလိပ်ကိန်း 2 ကိုအစက်များပေါ်တွင်ရေးခြင်း<br>- အင်္ဂလိပ်ကိန်း 2 ကို လေးကြောင်းမျဉ်းတွင်ရေးခြင်း(ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း 3 ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 3 ကိုရွေးချယ်ခြင်း<br>- အင်္ဂလိပ်ကိန်း 3 ကိုအစက်များပေါ်တွင်ရေးခြင်း<br>- အင်္ဂလိပ်ကိန်း 3 ကို လေးကြောင်းမျဉ်းတွင် ရေးခြင်း(ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း 4 ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 4 ကိုရွေးချယ်ခြင်း<br>- အင်္ဂလိပ်ကိန်း 4 ကို အစက်များပေါ်တွင်ရေးခြင်း<br>- အင်္ဂလိပ်ကိန်း 4 ကို လေးကြောင်းမျဉ်းတွင် ရေးခြင်း(ပြောဆိုဆက်သွယ်) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅-၁၁း၄၅ | - ကဗျာရွတ်ဆိုခြင်း (ငှက်ကလေးနီနီ)<br>- ငှက်အမျိုးမျိုး ပါသောရုပ်ပုံကိုပြ၍ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ငှက်အမျိုးမျိုးပါသော ရုပ်ပုံကို ပြ၍ငှက်များ တွေ့မြင်ရသော အရာများကို ဆွေးနွေးခြင်း (ပတ်ဝန်းကျင် လောက) | - ငှက်အစားအစာ ဆွေးနွေးခြင်း (ပတ်ဝန်းကျင် လောက) | - ငှက်ဥမှ အကောင်ပေါက် ပုံဆွေးနွေးခြင်း (ပတ်ဝန်းကျင် လောက) | - "မိတ်ဆွေ ကောင်း" ပုံပြင် ပြောခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၁း၄၅-၁၂း၁၅ | - အချိန်နေ့ခြင်း၊ မြန်ခြင်း၊ ဆွေးနွေးခြင်း (သင်္ချာ) | - "စာကလေး" ကစားနည်း ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - အချိန်နှေးခြင်း၊ မြန်ခြင်း ဆွေးနွေးခြင်း (သင်္ချာ) | - ငှက်ဥမှအ ကောင်ပေါက်ပုံ ပြန်လည် ဆွေးနွေးခြင်း (ပတ်ဝန်းကျင် လောက) | - အချိန်နှေးသည်၊ မြန်သည်၊ ကြာသည်၊ တိုသည်ကို နှိုင်းယှဉ်ခြင်း (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - ငှက်ကလေးနီနီ ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - ငှက်ပုံရေးဆွဲခြင်း (အနုပညာရသ) | - ငှက်ပုံအရောင် ခြယ်ခြင်း (အနုပညာရသ) | - ငှက်ပုံရေးဆွဲခြင်း (အနုပညာရသ) | - ငှက်ကလေးနီနီ ကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) |

DBE BOX

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၄။ ၄ရက်များ

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉:၁၅-၁၀:၁၅ | - "မ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း<br>- "ဘဲကလေး"(ကဗျာ)ရွတ်ဆိုခြင်း(ပြောဆိုဆက်သွယ်) | - "ဖ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း<br>- ရွှေရောင်ငွေရောင်(ကဗျာ)ရွတ်ဆိုခြင်း(ပြောဆိုဆက်သွယ်) | - "စကားနည်း၍အလုပ်လုပ်သောပင့်ကူကလေး(ပုံပြင်)ပါရုပ်ပုံများကိုကြည့်စေခြင်း<br>- "မ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း(ပြောဆိုဆက်သွယ်) | - နှစ်သက်ရာဗျည်းကဗျာရွတ်ဆိုခြင်း<br>- "ဖ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း<br>- အက္ခရာတူဝေါဟာရများဖော်ထုတ်ကစားနည်း(ပြောဆိုဆက်သွယ်) | - "ဗ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း<br>- ရွှေရောင်ငွေရောင်ကဗျာရွတ်ဆိုခြင်း<br>- ဗျည်းအက္ခရာကတ်ပြားများဖြင့်နှစ်သက်ရာကစားခြင်း(ပြောဆိုဆက်သွယ်) |
| ၁၀:၄၅-၁၁:၁၅ | - အင်္ဂလိပ်ကိန်း 5ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 5 ကို ရွေးချယ်ခြင်း<br>- အင်္ဂလိပ်ကိန်း 5ကိုအစက်များပေါ်တွင်ရေးခြင်း<br>- အင်္ဂလိပ်ကိန်း5ကိုလေးကြောင်းမျဉ်းတွင်ရေးခြင်း(ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း 5 to10ကတ်ပြားများကိုပြပြီးအသံထွက်မှန်ကန်စွာဖြင့်ရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 5ကို ရွတ်ဆိုခြင်း(ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း 5ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 5ကို ရွေးချယ်ခြင်း<br>- အင်္ဂလိပ်ကိန်း 5ကိုအစက်များပေါ်တွင်ရေးခြင်း<br>- အင်္ဂလိပ်ကိန်း 5 ကို လေးကြောင်းမျဉ်းတွင်ရေးခြင်း(ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း 6ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 6ကို ရွေးချယ်ခြင်း<br>- အင်္ဂလိပ်ကိန်း 6 ကို အစက်များပေါ်တွင်ရေးခြင်း<br>- အင်္ဂလိပ်ကိန်း 6 ကိုလေးကြောင်းမျဉ်းတွင်ရေးခြင်း(ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း 7ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း 7ကိုရွေးချယ်ခြင်း<br>- အင်္ဂလိပ်ကိန်း 7 ကို အစက်များပေါ်တွင်ရေးခြင်း<br>- အင်္ဂလိပ်ကိန်း 7 ကို လေးကြောင်းမျဉ်းတွင် ရေးခြင်း(ပြောဆိုဆက်သွယ်) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅-၁၁း၄၅ | - ငှက်များ၏သွားလာလှုပ်ရှားပုံကို ဆွေးနွေးခြင်း<br>- ငှက်များသွားလာလှုပ်ရှားပုံ လုပ်ဆောင်ခြင်း (ပတ်ဝန်းကျင်လောက) | - ငှက်အမျိုးမျိုးပါသောရုပ်ပုံကို ကြည့်၍ ပျံနိုင်သောငှက်၊ မပျံနိုင်သောငှက်များကိုပြောစေခြင်း (ပတ်ဝန်းကျင်လောက) | - ငှက်များအတွက် လုပ်ပေးနိုင်သည့် လုပ်ငန်းများ ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - တံတားဖြတ်ကျော်ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - "မိတ်ဆွေကောင်း" ပုံပြင်ပြောခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၁း၄၅-၁၂း၁၅ | - ကြက်ပျံ၊ ငှက်ပျံ ကစားခြင်း (ပတ်ဝန်းကျင်လောက) | အိမ်တွင်မွေးနိုင်သော ငှက်များ၏ အသုံးဝင်ပုံကို ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ရုပ်ပုံကိုကြည့်၍ မနက်၊နေ့လယ်၊ ညနေ၊ည ပြောစေခြင်း (သင်္ချာ) | - "ချိုးကလေး" ကဗျာ ရွတ်ဆိုခြင်း (သင်္ချာ) | - လအမည်များ ယှဉ်တွဲကစားခြင်း (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - ငှက်ကလေးနီနီ ကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - ငှက်ရုပ် ခေါက်ခြင်း (အနုပညာရသ) | - ငှက်ရုပ် ခေါက်ခြင်း (အနုပညာရသ) | - ငှက်ပုံရေးဆွဲခြင်း (အနုပညာရသ) | - အရောင်ခြယ်ခြင်း (အနုပညာရသ) |

DBE BOX

## ငှက်များ

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဓ" ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဓ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းရေးနည်းအတိုင်း ရေး ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကစားခြင်းနည်းဖြင့် ဗျည်းများကို ပိုမိုမှတ်မိရန်။

လုပ်ငန်းစဉ်။ ။**ဗျည်းအက္ခရာကတ်ပြားများဖြင့် နှစ်သက်ရာကစားခြင်း (မိနစ် ၃၀)**

- ဗျည်းအက္ခရာကတ်ပြားများဖြင့် နှစ်သက်ရာကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ One,Two **ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင် အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ 1 to 5 ကိန်းများ ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 1 မှ 5 ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကိန်း 1 မှ 5 ကို သင်ပုန်းပေါ်တွင် ရေးထားပါ။ (သို့) အင်္ဂလိပ်ကိန်း 1 မှ 5 ပါသော ကားချပ်ကို သင်ပုန်းပေါ်တွင် ချိတ်ဆွဲထားပါ။
- ဆရာက အင်္ဂလိပ်ကိန်း 1 မှ5 ကို တစ်ခုချင်းထောက်ပြပြီး အမည်များကို ပီပီသသနှင့် ရွတ်ဆိုပြပါ။ (၂)ခေါက် (သို့) (၃)ခေါက်ရွတ်ဆိုပြပါ။
- ဆရာက အင်္ဂလိပ်ကိန်း 1 မှ5 ကို ထောက်ပြ၍ ရွတ်ဆိုပြီး ကလေးများကို လိုက်ဆိုပါစေ။ (၂)ခေါက် (သို့) (၃)ခေါက်ရွတ်ဆိုပါ။
- ဆရာက အင်္ဂလိပ်ကိန်း 1 မှ 5 ကို အစဉ်အလိုက် (၁)လုံးစီ ထောက်ပြပြီး ကလေးများအား တစ်တန်းလုံး (သို့) အုပ်စုလိုက် ရွတ်ဆိုပါစေ။
- အင်္ဂလိပ်ကိန်း 1မှ5ကို အစဉ်လိုက်မဟုတ်ဘဲ ဆရာက နှစ်သက်ရာကိန်းကို ထောက်ပြပြီး ကလေးများအား တစ်တန်းလုံး(သို့) အုပ်စုလိုက် (သို့) တစ်ဦးချင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ငှက်အမျိုးမျိုးကို သိရှိပြီး ငှက်အမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကဗျာရွတ်ဆိုခြင်းနှင့်ငှက်အမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ဆွေးနွေးခြင်း (မိနစ် ၃၀)**

- **ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**
- ဆရာကအောက်ပါ ကဗျာကို ရွတ်ဆိုပြပါ။

**"ငှက်ကလေးနီနီ"**

ငယ်သော ငှက်ကလေးနီနီ
သစ်ကိုင်းပေါ်မှာ ထိုင်နေ
အမြီးလေးက လှုပ်၍နေ
(လှုပ်)^၂ လှုပ်၍နေ
အမြီးလေးက လှုပ်၍နေ
ခေါင်းလေးက ညိတ်၍နေ
အမြီးလေးကလှုပ်၍နေ
(လှုပ်)^၂ လှုပ်၍နေ။



DBE Box

- ဆရာနှင့်အတူ ရွတ်ဆိုပါ။
- ဆရာနှင့်အတူ အမူအရာဖြင့်ရွတ်ဆိုပါ။
- ကလေးများအမူအရာဖြင့် ရွတ်ဆိုပါစေ။

**ငှက်အမျိုးမျိုးပါသော ရုပ်ပုံကို ပြ၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

ဆရာက ကလေးများသိသော ငှက်အမည်များကို မေးပါ။ (စာကလေး၊ ကျီးကန်း၊ ကြက်တူရွေး၊ ခို . . . စသည်ဖြင့်)

- ဆရာက ငှက်အမျိုးမျိုးပါသော ရုပ်ပုံကို ပြ၍ဆွေးနွေးပါ။
- ကလေးများပြောသမျှကို သင်ပုန်းပေါ်တွင်ရေးပါ။
- ကလေးများမသိသော ငှက်အမည်ကို ဆရာကပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အချိန် နှေးခြင်း၊ မြန်ခြင်းကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**အချိန်နှေးခြင်း၊ မြန်ခြင်း ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ဆရာက ကျောက်ခဲများကို ကြိုတင်ရှာထားပါ။
- (၁၀)ယောက်ပါသော အုပ်စုနှစ်စုဖွဲ့ပါ။
- အဖွဲ့နှစ်ဖွဲ့ကိုယှဉ်၍ ရပ်ပါစေ။
- အဖွဲ့နှစ်ဖွဲ့လုံး တစ်ပြိုင်တည်းလုပ်ရန် ပြောထားပါ။
- ဆရာက အချက်ပေးလျှင် တစ်ယောက်ကျောက်ခဲတစ်လုံးစီယူပြီး ခွက်တစ်ခုထဲသို့ ထည့်ပြီးယှဉ်ပြိုင်ပါစေ။
- ပြိုင်ပွဲပြီးလျှင် အရင်ပြီးသောအဖွဲ့က ဘာကြောင့်အရင်ပြီးသလဲ၊ နောက်တစ်ဖွဲ့က ဘာကြောင့်နောက်ကျသလဲ မေးပြီးမှ အနှေးနှင့်အမြန်ကို ရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကို အမူအရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ငှက်ကလေးနီနီ"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကို စက်ဝိုင်းပုံရပ်စေပြီးဆရာက ကလေးများ အလယ်တွင်ရပ်ပါ။
- ဆရာက "ငှက်ကလေးနီနီ"ကဗျာကို အသံနေအသံထားဖြင့် နှစ်ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာကအမူအရာဖြင့် ထပ်ဆိုပြပါ။
- ဆရာက ကလေးများနှင့်အတူ အမူအရာဖြင့်ဆိုပါစေ။
- ရှေ့သို့ထွက်ပြီး ဆိုချင်သောကလေးကို ဆိုပါစေ။
- ဤနည်းအတိုင်း ကလေးများစိတ်ကြိုက်အမူအရာဖြင့် ကဗျာကိုဆိုပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ခ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသော အစက်ချထားသော အက္ခရာပေါ်တွင် ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကို အမူအရာဖြင့် မှန်ကန်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လမင်းထဲကယုန်ကလေး"ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 1ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 1ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ဆရာက သင်ပုန်းပေါ်တွင် ရေးထားသော အင်္ဂလိပ်ကိန်း 1 ကို ထောက်ပြ၍ အမည်ကို ဖြည်းဖြည်းနှင့် ပီသစွာ (၂)ကြိမ်ခန့် ရွတ်ဆိုပြပါ။
- ကလေးများအား တစ်တန်းလုံး၊ အုပ်စုလိုက်၊ အတန်းလိုက် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 1 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 1ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- သင်ပုန်းပေါ်တွင် ရေးထားသော အင်္ဂလိပ်ကိန်း 1 ကို ထောက်ပြ၍ ကလေးများအား ရွတ်ဆိုပါစေ။
- လိုအပ်ပါက ဆရာက ပြန်ရွတ်ပြပါ။
- ဆရာက သင်ပုန်းပေါ်တွင် အင်္ဂလိပ်ကိန်း 1 အပါဝင် ကိန်း(၅)လုံးခန့် ရောာ၍ ရေးထားပါ။
- ကလေးတစ်ဦးအား အတန်းရှေ့သို့ထွက်စေကာ သင်ပုန်းပေါ်ရှိ အင်္ဂလိပ်ကိန်း 1 ကို ရှာ၍ ဝိုင်းပါစေ။
- ကလေးများအား လုပ်ငန်းပေးစာအုပ်ရှိ ကိန်းများထဲမှ အင်္ဂလိပ်ကိန်း 1 ကို ရွေးချယ်၍ ဝိုင်းပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 1ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 1ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ဆရာက သင်ပုန်းပေါ်တွင်ရေးထားသော အင်္ဂလိပ်ကိန်း1ကို ထောက်ပြ၍ ရွတ်ဆိုပြပါ။
- ထို့နောက် အင်္ဂလိပ်ကိန်း 1 ကို ရေးနည်းအဆင့်ဆင့်အတိုင်း လက်ဖြင့်ထပ်၍ ဆရာက ဦးစွာရေးပြပါ။
- အင်္ဂလိပ်ကိန်း1အမည်ကိုလည်း ရွတ်ဆိုပြပါ။
- အထက်ပါနည်းအတိုင်း ဆရာက အင်္ဂလိပ်ကိန်း 1 ကို နမူနာ (၅)လုံးခန့် ရေးပြပါ။
- ကလေးတစ်ဦးကို အတန်းရှေ့သို့ခေါ်၍ အင်္ဂလိပ်ကိန်း 1 ပေါ်တွင် လက်ဖြင့် ထပ်၍ ရေးပါစေ။ ကိန်းအမည်ကိုလည်း ရွတ်ပါစေ။
- ထိုနည်းအတိုင်း ကလေး(၅)ဦးခန့်ကို ပြုလုပ်ပေးပါ။
- ထို့နောက် ကလေးများအား လုပ်ငန်းပေးစာအုပ်ရှိ အင်္ဂလိပ်ကိန်း 1 ပုံဖော်ထားသော အစက်များပေါ်တွင် ထပ်၍ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 1ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 1ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- အင်္ဂလိပ်ကိန်း 1ကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းမှန်စွာဖြင့် ရေးပါစေ။



DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။ ငှက်၏ အစိတ်အပိုင်းများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငှက်အမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ငှက်များတွင်တွေ့မြင်ရသောအရာများကိုဆွေးနွေးခြင်း (မိနစ် ၃၀)**

- ငှက်အမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ငှက်များတွင်တွေ့မြင်ရသောအရာများကို ကလေးများ ပြောပါစေ။
  (နှုတ်သီး၊ တောင်ပံ၊ ခြေထောက်၊ အမြီး၊ မျက်လုံး၊ အမွေး. . . . စသည်)
  ကလေး(၂)ဦး အတန်းရှေ့သို့ထွက်၍ တစ်ဦးကပြသောအစိတ်အပိုင်းကို ကျန်တစ်ဦးက ပြောပါစေ။
- ဤနည်းအတိုင်း ကလေးအားလုံးကို ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကြွက်သားကြီးများကြီးထွားရန်။

လုပ်ငန်းစဉ်။ ။**"စာကလေး" ကစားနည်းကစားခြင်း (မိနစ် ၃၀)**

- ဆရာက စာကလေးကို သိသလား၊ မြင်ဖူးသလားမေးပါ။
- "စာကလေး" ကစားနည်း ကစားရအောင်ဟု ပြောပါ။
- ဆရာက ဦးဆောင်ကစားပါ။
- ကလေးများ ကစားပါစေ။

**"စာကလေး"**

စာကလေးရေ (ကျလိ)၂
နင်ဘယ်ဘက် ယိမ်းတယ်
ငါ ညာဘက် ယိမ်းတယ်
ယိမ်းချင်တဲ့ဘက် ယိမ်း
ယိမ်းတဲ့ဘက်ကို ငါလိုက်တယ်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ငှက်ပုံရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငှက်ပုံရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများစိတ်ကြိုက် ငှက်ပုံရေးဆွဲပါစေ။
- ဆရာက ကလေးများဆွဲထားသောပုံတွင် ကလေးအမည်နှင့် ကလေးပြောသော ငှက်အမည်ကို ရေးပေးပါ။
- ဆွဲပြီးသောပုံများကို ကလေးအချင်းချင်း လဲလှယ်ကြည့်ပါစေ။
- ပုံအားလုံးကို ဆရာကသိမ်းထားပါ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဆ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဆ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဆ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဆ"ဗျည်းကို အရစ်အဆွဲမှန်စွာအစက်ချထားသော အက္ခရာပေါ်တွင် ရေးစေခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော အစက်ချထားသော အက္ခရာပေါ်တွင် ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကို အမူအရာဖြင့် မှန်ကန်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဘဲကလေး"ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 2 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 2 ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 2 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 2 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 2 ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။အင်္ဂလိပ်ကိန်း 2 ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ အင်္ဂလိပ်ကိန်း 2 ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။အင်္ဂလိပ်ကိန်း 2 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငှက်အမျိုးမျိုး၏ အစားအစာများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ငှက်အစားအစာ ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ငှက်များစားသောအစားအစာများကို ကလေးများသိသမျှပြောပါစေ။ (စဉ်းစားချိန်ပေးပါ)
- ဆရာကငှက်အမျိုးမျိုးပါသောရုပ်ပုံမှ ငှက်များစားသော အစားအစာကို မေးပါ။ (ဥပမာ- သိန်းငှက်က ဘာစားသလဲ။ ကျီးကန်းက ဘာစားသလဲ။ . . . စသည်ဖြင့်)
- ငှက်များစားသော အစားအစာ (စပါးစေ့၊ ဆန်စေ့၊ ဆန်ကွဲ၊ ပြောင်းဖူးစေ့၊ ပိုးကောင် . . . စသည်ဖြင့်) ပါပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အချိန်နှေးသည်၊ မြန်သည်၊ ကြာသည်၊ အချိန်တိုသည်စသည်ပြောတတ်ရန်။

လုပ်ငန်းစဉ်။ **။အချိန်နှေးခြင်း၊ မြန်ခြင်း ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအား ကျောင်းကိုဘာနဲ့လာသလဲမေးပါ။
- ဆရာကမိမိဒေသမှာရှိသောယာဉ်များကိုသုံး၍မေးပါ။(ဥပမာ-အိမ်ကကျောင်းကိုစက်ဘီးဖြင့် လာတာနှင့် ဆိုင်ကယ်ဖြင့် လာတာဘယ်ဟာက ပိုနှေးသလဲ။ ဘယ်ဟာကပိုမြန်သလဲ။ ဘယ်ဟာကပိုကြာသလဲ။ ဘယ်ဟာက အချိန်တိုတိုနှင့်ရောက်သလဲ။ . . . စသည်ဖြင့်)
- ကလေးများအားလုံးကို မေးပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**အရောင်ခြယ်ခြင်း (မိနစ် ၃၀)**

- ဆရာက သိမ်းထားသောပုံများကိုပြန်ပေးပါ။
- ပုံများကို စိတ်ကြိုက်အရောင်ခြယ်ပါစေ။
- ခြယ်ထားသောအရောင်များကိုကလေးများပြောပါစေ။
- အရောင်များခြယ်ပြီး ကလေးအချင်းချင်းလဲလှယ် ကြည့်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။စိတ်ကူးအတိုင်းရုပ်ပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ကျေးဇူးမသိတတ်သောကျား"ပုံပြင်ပါရုပ်ပုံများမှနှစ်သက်ရာပုံကို ရေးဆွဲစေခြင်း (မိနစ် ၂၀)**

- ကလေးများ နှစ်သက်ရာပုံကို ရေးဆွဲပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ခ" ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 3ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 3 ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 3 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 3 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 3 ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 3ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 3 ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 3 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငှက်ဥမှ အကောင်ပေါက်လာပုံ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငှက်ဥမှ အကောင်ပေါက်လာပုံ ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ဆရာက ငှက်မကြီးတစ်ကောင်၊ ငှက်ဥတစ်လုံးနှင့် ငှက်ကလေးပုံကို ကြိုတင်ဆွဲထားပါ။
- ဥမှအကောင်ပေါက်လာသည့် စာမဲ့ရုပ်ပြပုံကို ကလေးများကြည့်ပါစေ။
- ကလေးများနားလည်သလို ပြန်ပြောပါစေ။



DBE-BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ငှက်ဥမှ အကောင်ပေါက်လာပုံ ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငှက်ဥမှ အကောင်ပေါက်လာပုံကို ပြန်လည် ဆွေးနွေးခြင်းနှင့်စာကလေးကစားနည်း ကစားခြင်း (၁၀ မိနစ်)**

- ကလေးများအား ငှက်ဥမှအကောင်ပေါက်လာပုံကို ပြန်မေးပါ။

**စာကလေး ကစားနည်း ကစားခြင်း (မိနစ် ၂၀)**

**"စာကလေး" ကစားနည်းကစားခြင်း**

- ဆရာက စာကလေးကို သိသလား၊ မြင်ဖူးသလား။
- "စာကလေး" ကစားနည်း ကစားရအောင်ဟု ပြောပါ။
- ဆရာက ဦးဆောင်ကစားပါ။
- ကလေးများ ကစားပါစေ။

**" စာကလေး "**

စာကလေးရေ (ကျလိ)၂
နင်ဘယ်ဘက် ယိမ်းတယ်
ငါ ညာဘက် ယိမ်းတယ်
ယိမ်းချင်တဲ့ဘက် ယိမ်း
ယိမ်းတဲ့ဘက်ကို ငါလိုက်တယ်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငှက်ပုံ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငှက်ပုံရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများ နှစ်သက်ရာ ငှက်ပုံတစ်ပုံ ရေးဆွဲပါစေ။
- ဆရာက ကလေးများ ဆွဲထားသောပုံတွင် ကလေးအမည်နှင့် ကလေးပြောသောငှက် အမည်ကို ရေးပေးပါ။
- ဆွဲထားသောပုံများကို ကလေးအချင်းချင်း လဲလှယ်၍ကြည့်ပါစေ။
- ပုံအားလုံး ဆရာက သိမ်းထားပါ။

သောကြာနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဆ" ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။"ဆ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကစားခြင်းနည်းဖြင့် ဗျည်းများကို ပိုမိုမှတ်မိရန်။

လုပ်ငန်းစဉ်။ ။သင်ခဲ့ပြီးသောအက္ခရာများကိုကျောပေါ်တွင်အက္ခရာရေးခြင်းကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)

- ယခင်သင်ကြားပြီးသောကျောပေါ်တွင်အက္ခရာရေးခြင်းကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းအက္ခရာများ၏အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။"ကျောင်းနေစ" ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)

- ယခင်သင်ကြားပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။



DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကီန်း 4 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကီန်း 4 ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကီန်းများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကီန်း 4 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကီန်း 4 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကီန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကီန်း 4 ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကီန်း 4ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။
-

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကီန်း 4 ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကီန်း 4 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကီန်းကိုလေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါအကြောင်းအရာကို ပြောပြခြင်းဖြင့် မိတ်ဆွေ၊ သူငယ်ချင်းများ၏ အရေးပါမှုကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံပြင်ပြောခြင်း (မိနစ် ၃၀)**

"မိတ်ဆွေကောင်း" (လော်ဝေါ် တိုင်းရင်းသား ရိုးရာပုံပြင်)

- ပုံပြင်ကို ဆရာက ပုံပြင်ပြောနည်းအတိုင်း ပြောပြပါ။
- ပုံပြင်တွင်ပါဝင်သော သူငယ်ချင်းနှစ်ဦး၏ပြောဆိုကူညီပုံကို ဆရာနှင့်ကလေးများ အပြန်အလှန် ဆွေးနွေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အချိန် နှေးသည်၊ မြန်သည်၊ ကြာသည်၊ အချိန်တိုသည် စသည် ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အချိန်နှေးသည်၊မြန်သည်၊ကြာသည်၊တိုသည်ကို နှိုင်းယှဉ်ခြင်း (မိနစ် ၃၀)**

- ယာဉ်အမျိုးမျိုးပါသည့်ရုပ်ပုံကို ကြည့်ပြီး အချိန်မြန်သည့် ယာဉ်ကိုပြောပါစေ။
- ဘယ်ယာဉ်က အချိန်ပိုမြန်သလဲ။
- ဘယ်ယာဉ်က အချိန်တိုသလဲ။
- ဘယ်ယာဉ်က နှေးသလဲ။
- ဘယ်ယာဉ်က အချိန်ကြာသလဲ။
- ယာဉ် ရုပ်ပုံပေါ်တွင် ကလေးတစ်ဦးချင်း လာရောက်ဝိုင်းပြပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကို အမူအရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ငှက်ကလေးနီနီ"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကို စက်ဝိုင်းပုံရပ်စေပြီးဆရာက ကလေးများ အလယ်တွင် ရပ်ပါ။
- ဆရာက "ငှက်ကလေးနီနီ" ကဗျာကို အသံနေအသံထားဖြင့် နှစ်ခေါက် ဆိုပြပါ။



DBE BOX

- ထို့နောက် ဆရာကအမူအရာဖြင့် ထပ်ဆိုပြပါ။
- ဆရာက ကလေးများနှင့်အတူ အမူအရာဖြင့်ဆိုပါစေ။
- ရှေ့ကထွက်ပြီးဆိုချင်သော ကလေးကို ဆိုပါစေ။
- ဤနည်းအတိုင်း ကလေးများစိတ်ကြိုက်အမူအရာဖြင့် ကဗျာကိုဆိုပါစေ။

**ဒုတိယပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"မ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသော အစက်ချထားသော ဗျည်းအက္ခရာပေါ်တွင် ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကို အမူအရာဖြင့် မှန်ကန်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဘဲကလေး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 5 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 5 ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 5 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 5 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 5 ကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 5 ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 5 ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 5 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငှက်များ၏ သွားလာလှုပ်ရှားပုံကို လုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ငှက်များ၏သွားလာလှုပ်ရှားပုံကိုဆွေးနွေးခြင်း (၁၀ မိနစ်)**

- ကလေးများအား မိမိတို့တွေ့ဖူးသောငှက်များကို မည်သည့်နေရာတွင် တွေ့ရသနည်းဟု မေးပါ။(ဥပမာ- စာကလေး၊ ကျီးကန်း . . . စသည်ဖြင့်)

**ငှက်များသွားလာ လှုပ်ရှားပုံ လုပ်ဆောင်ခြင်း**

- ကလေးများအား ပတ်ဝန်းကျင်ရှိ ငှက်များ မည်သို့သွားလာ လှုပ်ရှားသည်ကို ပြောပါစေ။
- ဟန်အမူအရာဖြင့်လုပ်ဆောင်ပါစေ။ (ဥပမာ- စာကလေး၊ ကျီးကန်း၊ ကြက်တူရွေး၊ ဘဲ၊ ကြက်၊ ဗျိုင်း၊ ခို . . . စသည်ဖြင့်)



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ပျံနိုင်သောငှက်၊ မပျံနိုင်သောငှက်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကြက်ပျံ၊ ငှက်ပျံ ကစားခြင်း (မိနစ် ၃၀)**

- ဆရာက ကစားနည်းစည်းမျဉ်းကို ကြိုတင်ပြောပြပါ။
- ဆရာက ဦးဆောင်၍ ကြက်ပျံ၊ ငှက်ပျံကစားနည်းကို နမူနာကစားပြပါ။
- ကလေးများ ကစားပါစေ။

(ကစားနည်းကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်)

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ငှက်ကလေးနီနီ"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကို စက်ဝိုင်းပုံရပ်စေပြီးဆရာက ကလေးများ အလယ်တွင်ရပ်ပါ။
- ဆရာက "ငှက်ကလေးနီနီ" ကဗျာကို အသံနေအသံထားဖြင့် နှစ်ခေါက် ဆိုပြပါ။
- ထို့နောက် ဆရာကအမူအရာဖြင့် ထပ်ဆိုပြပါ။
- ဆရာက ကလေးများနှင့်အတူ အမူအရာဖြင့်ဆိုပါစေ။
- ရှေ့ကထွက်ပြီးဆိုချင်သော ကလေးကို ဆိုပါစေ။
- ဤနည်းအတိုင်း ကလေးများစိတ်ကြိုက်အမူအရာဖြင့် ကဗျာကိုဆိုပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဖ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဖ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသော အစက်ချထားသော အက္ခရာပေါ်တွင် ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကို အမူအရာဖြင့် မှန်ကန်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ရွှေရောင်ငွေရောင်"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ 5 to 10 ကိန်းများကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 5 မှ 10 ကို ကတ်ပြားပြ၍ ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ကျောင်းသား(၅)ဦးအား အတန်းရှေ့သို့ ခေါ်ပြီး အင်္ဂလိပ်ကိန်း 5 မှ10 ထိ တစ်လုံးချင်း ရေးထားသော ကတ်ပြားတစ်ခုစီ ဝေပေးပါ။
- ဆရာက ရွတ်ဆိုပြသောကိန်းကို ကတ်ပြားရရှိသူကလေးက အတန်းအား ထောင်ပြ၍ ကိန်းအမည်ကို ရွတ်ဆိုပါစေ။
- ဆရာက ကိန်း(၅)ခုလုံးကုန်သည်အထိရွတ်ဆိုပြီး ကလေးများကို ထိုနည်းအတိုင်း ပြုလုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 5 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 5ကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။



DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။ပျံနိုင်သောငှက်၊ မပျံနိုင်သောငှက် ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငှက်အမျိုးမျိုးပါသောရုပ်ပုံကိုကြည့်၍ပျံနိုင်သောငှက်၊မပျံနိုင်သောငှက်များကိုပြောစေခြင်း (မိနစ် ၃၀)**

- ငှက်အမျိုးမျိုးပါသောရုပ်ပုံကို ကြည့်၍ပျံနိုင်သောငှက်၊ မပျံနိုင်သောငှက်များကိုကလေးများ ပြောပါစေ။
- ကလေးများအားလုံး ပါဝင်ခွင့်ရအောင်လုပ်ပါ။
- ငှက်အမျိုးမျိုးပါသောရုပ်ပုံကိုကြည့်၍ ပျံနိုင်သောငှက်၊ မပျံနိုင်သော ငှက်များကို ကလေး များ ပြန်ပြောပါစေ။
- ဆရာက အောက်ပါတို့ကိုဖတ်ပြပါ။
- ပျံနိုင်လျှင် မတ်တပ်ရပ်ပြရန်နှင့် မပျံနိုင်လျှင် ထိုင်နေရန်ဟုပြောပါ။
- သိန်းငှက်
- စာကလေး
- ပင်ဂွင်း
- ငှက်ကုလားအုတ်
- ကျီးကန်း
- ဗျိုင်း
- ကြက်တူရွေး
- ကြက်
- ခို
- ဆက်ရက်
- ဇီးကွက်

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်တွင်မွေးနိုင်သော ငှက်များ၏အသုံးဝင်ပုံကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အိမ်တွင်မွေးနိုင်သော ငှက်များ၏အသုံးဝင်ပုံကို ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ကလေးများအား အိမ်တွင်မွေးသော ငှက်များကို သိသမျှပြောပါစေ။(ဥပမာ- ကြက်၊ ဘဲ)
- ဆရာက အောက်ပါမေးခွန်းများကို မေးပါ။
- ကြက်ကို မြင်ဖူးသလား။
- ကြက်ဥ ဘယ်ကရသလဲ။
- ကြက်သား ဘယ်ကရသလဲ။
- ကြက်တွေကြီးထွားဖို့မွေးတဲ့သူကဘာတွေလုပ်ပေးရတာလဲ။(ရေ၊အစာကျွေး)
- ဤနည်းအတိုင်း ဘဲကို ဆက်မေးပါ။
- ဆရာက ကြက်၊ ဘဲတို့သည် လူတွေအတွက် အသုံးဝင်ပုံကို ရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငှက်ရုပ်ခေါက်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **ငှက်ရုပ်ခေါက်ခြင်း (မိနစ် ၃၀)**

- ဆရာက ငှက်ရုပ်ခေါက်ခြင်းကို နမူနာခေါက်ပြပါ။
- ဆရာက ကလေးများနှင့်အတူ ငှက်ရုပ်ခေါက်ပါ။
- ထို့နောက် ကလေးများ စိတ်ကြိုက် ငှက်ရုပ်ခေါက်ပါစေ။

ဗုဒ္ဓဟူးနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။ ပုံပြင်ကို ခန့်မှန်းပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"စကားနည်း၍အလုပ်လုပ်သောပင့်ကူလေး"ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်ကို မေးခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသော ပုံပြင်ပြောနည်းအတိုင်းပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "မ" ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း(မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 5 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 5ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 5 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 5 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 5 ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 5ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင် ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 5 ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 5 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငှက်များကို လုပ်ပေးနိုင်သည့် လုပ်ငန်းများပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ငှက်များကို လုပ်ပေးနိုင်သည့် လုပ်ငန်းများ ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ငှက်များအသက်ရှင်သန်ရန်/ကြီးထွားရန် လိုအပ်သည်များကို ဆွေးနွေးပါ။(အစားအစာ၊ ရေ၊ နေစရာ)
- ငှက်များအသက်ရှင်သန်ရန်/ကြီးထွားရန် လိုအပ်သည်များကို၊ လုပ်ပေးနိုင်သည်များကို ကလေးများနှင့်အပြန်အလှန် ဆွေးနွေးပါစေ။
- ဆရာက အောက်ပါတို့ကို ဖတ်ပြပြီး လုပ်ရမည့်အချက်ဆိုလျှင် လုပ်ရမည်၊ မလုပ်ရမည့် အချက်ဆိုလျှင် မလုပ်ရပါဟုပြောပါ။
- ငှက်ကလေးများကို အစာကျွေးနေသည်။
- ငှက်များကို လိုက်ဖမ်းသည်။
- ငှက်ခြေထောက်ကို ကြိုးနှင့်ချည်သည်။
- ငှက်ကလေးများကို ခဲနှင့်ပေါက်သည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။မနက်၊ နေ့လယ်၊ ညနေ၊ ည ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ရုပ်ပုံကိုကြည့်၍ မနက်၊ နေ့လည်၊ ညနေ၊ ည ပြောစေခြင်း (မိနစ် ၃၀)**

- ဆရာက "လူကလေး တစ်နေ့တာ"ရုပ်ပုံကိုကြိုတင်ရှာထားပါ။ "လူကလေး တစ်နေ့တာ" ရုပ်ပုံ ပြ၍ တစ်တန်းလုံးကို ခန့်မှန်းခိုင်းပါ။
- မနက်၊ နေ့လယ်၊ ညနေ၊ ည ကိုပြောပါစေ။

- နေ့လယ်အချိန်အတွက် ကျောင်းတွင်လုပ်သော လုပ်ငန်းများကိုပြောပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ငှက်ရုပ်ခေါက်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **ငှက်ရုပ်ခေါက်ခြင်း (မိနစ် ၃၀)**

- ဆရာက ငှက်ရုပ်ခေါက်ခြင်းကို နမူနာခေါက်ပြပါ။
- ဆရာက ကလေးများနှင့်အတူ ငှက်ရုပ်ခေါက်ပါ။
- ထို့နောက် ကလေးများ စိတ်ကြိုက် ငှက်ရုပ်ခေါက်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းကဗျာကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာ ဗျည်းကဗျာ ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာ ရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဖ" ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဖ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အသံတူရှာတတ်သည့်စွမ်းရည်တိုးတက်စေရန်။

လုပ်ငန်းစဉ်။ ။**အက္ခရာတူဝေါဟာရများ ဖော်ထုတ်ကစားခြင်း (မိနစ် ၂၀)**

- ဆရာက ကလေးအား သူ၏အမည်ကို ပြောပြရန်မေးပါ။
- ဆရာကကလေး၏အမည်ကိုသင်ပုန်းပေါ်တွင်ရေးပြပါ။ရှေ့ဆုံးအက္ခရာကို သိသာအောင် အောက်ဘက်မှ မျဉ်းသားပါ။ (ဥပမာ-အောင်မြင့်)
- ပထမ အက္ခရာနှင့်စသော စကားလုံးတွေကိုကလေးတို့သိသလောက်၊ပြောနိုင်သလောက် စဉ်းစားခိုင်းပါ။
- ကလေးတို့ပြောသော စာလုံးများကို ဆရာက သင်ပုန်းပေါ်တွင်ရေးပါ။
- (ဥပမာ-အောင်၊ နောင်၊ မောင်၊ စောင်)
- ရေးထားသောစာလုံးများကို ကလေးတို့နှင့်အတူ ဖတ်ရှုလေ့လာပါ။
- ကလေးတွေက စာလုံးတွေကိုတော့ မဖတ်နိုင်ပါ။ သို့သော် ထိပ်ဆုံးအက္ခရာကိုတော့ ကလေးတို့ သိပါသည်။ အစစာလုံး၏ ဗျည်းကို ပြောပါစေ။
- (ဥပမာ-အောင်-အ)

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 6 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 6 ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုခြင်းနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 6 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 6 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 6 ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 6 ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။



DBEBox

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း ၆ ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။အင်္ဂလိပ်ကိန်း ၆ ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ပတ်ဝန်းကျင်ရှိ ငှက်များ၏အသံများကို လုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **တံတားဖြတ်ကျော် ကစားခြင်း (မိနစ် ၃၀)**

- ဆရာက ကစားနည်း စည်းကမ်းကို ကြိုတင်ပြောပြပါ။
- ဆရာက ဦးဆောင်၍ တံတားဖြတ်ကျော်ကစားနည်းကို ကစားပါ။
- ကလေးများ ကစားပါစေ။ (ကစားနည်းကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။)
- ဦးဆောင်သူကပြောသော ငှက်ကလေးများ၏ အော်သံများကို ပြုလုပ်ပါစေ။
- ဤနည်းအတိုင်း ကလေးများစိတ်ကြိုက်ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။တစ်ပတ်အတွင်းရှိ နေ့ရက်အမည်များနှင့် တစ်ပတ်အတွင်းရှိ ရက်ပေါင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ချိုးကလေး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဆရာက အောက်ပါကဗျာကို ရွတ်ဆိုပြပါ။

**"ချိုးကလေး"**

တနင်္ဂနွေ၊ တနင်္လာ
ချိုးကလေးကူသံသာ
အင်္ဂါ၊ ဗုဒ္ဓဟူး
ချိုးကလေးတကူးကူး
ကြာသပတေး၊ သောကြာ
ချိုးကလေး မှန်မှန်လာ
စနေမှာ မလာအား
ချိုးကလေးပျံလို့သွား။

- ဆရာနှင့်အတူ ရွတ်ဆိုပါ။
- ဆရာနှင့်အတူ အမူအရာဖြင့် ရွတ်ဆိုပါ။
- ကလေးများ အမူအရာဖြင့် ရွတ်ဆိုပါ။
- ကဗျာရွတ်ဆိုရင်း လက်ချိုးရေတွက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငှက်ပုံ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငှက်ပုံရေးဆွဲခြင်း(မိနစ် ၃၀)**

- ကလေးများ နှစ်သက်ရာ ငှက်ပုံတစ်ပုံ ရေးဆွဲပါစေ။
- ဆရာက ကလေးများ ဆွဲထားသောပုံတွင် ကလေးအမည်နှင့် ကလေးပြောသော ငှက်အမည်ကို ရေးပေးပါ။
- ဆွဲထားသောပုံများကို ကလေးအချင်းချင်း လဲလှယ်၍ကြည့်ပါစေ။
- ပုံအားလုံး ဆရာက သိမ်းထားပါ။



DBE BOX

သောကြာနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဗ" ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဗ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကို အမူအရာဖြင့် မှန်ကန်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရွှေရောင်ငွေရောင် ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းများကို ပိုမိုမှတ်မိရန်။

လုပ်ငန်းစဉ်။ ။**ဗျည်းအက္ခရာကတ်ပြားများဖြင့် နှစ်သက်ရာကစားခြင်း (မိနစ် ၂၀)**

- ဗျည်းအက္ခရာကတ်ပြားများဖြင့် နှစ်သက်ရာကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 7 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 7 ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 7 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အင်္ဂလိပ်ကိန်း 7 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 7 ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 7 ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 7 ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 7 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါအကြောင်းအရာကို ပြောပြခြင်းဖြင့် မိတ်ဆွေ၊ သူငယ်ချင်းများ၏ အရေးပါမှုကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံပြင်ပြောခြင်း (မိနစ် ၃၀)**

**"မိတ်ဆွေကောင်း" (လော်ဝေါ် တိုင်းရင်းသား ရိုးရာပုံပြင်)**

- ပုံပြင်ကို ဆရာက ပုံပြင်ပြောနည်းအတိုင်း ပြောပြပါ။
- ပုံပြင်တွင်ပါဝင်သော သူငယ်ချင်းနှစ်ဦး၏ ပြောဆိုကူညီပုံကို ဆရာနှင့်ကလေးများ အပြန်အလှန်ဆွေးနွေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။တစ်နှစ်အတွင်းရှိ လအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**လအမည်များ ယှဉ်တွဲကစားခြင်း (မိနစ် ၃၀)**

- ဆရာက ဇန်နဝါရီမှ ဒီဇင်ဘာလအထိ လအမည်ကတ်ပြားများကို ကြိုတင်ရေးထားပါ။
- ဆရာက ပြက္ခဒိန်ဟောင်းတစ်ခုမှ လအမည်များကို အစဉ်လိုက်ဖတ်ပြပါ။
- ပြက္ခဒိန်ဟောင်းမှ လစဉ်စာရွက်များကို သင့်ပုန်းတွင်ကပ်ထားပါ။



DBE BOX

- ကလေး(၁၂)ဦးစီပါသော အုပ်စုနှစ်စုဖွဲ့ပါ။
- အုပ်စု(၁)မှ ကလေး(၁၂)ဦးအား လအမည်ရေးထားသော ကတ်ပြားများ ဝေပေးပါ။
- အုပ်စု(၂)မှ ကလေး(၁၂)ဦးအား (၁) မှ (၁၂) အထိ ရေးထားသော ကိန်းကတ်ပြားများ ဝေပေးပါ။
- သင်ပုန်းတွင် ကပ်ထားသော ပြက္ခဒိန်တွင် ကလေးများမှ လအမည်နှင့် ကိန်းကတ်ပြား များကပ်၍ လအမည်များကို ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။အရောင်ခြယ်ခြင်း(မိနစ် ၃၀)

- ဆရာက သိမ်းထားသောပုံများကိုပြန်ပေးပါ။
- ပုံများကို စိတ်ကြိုက်အရောင်ခြယ်ပါစေ။
- ခြယ်ထားသောအရောင်များကိုကလေးများပြောပါစေ။
- အရောင်များခြယ်ပြီး ကလေးအချင်းချင်း လဲလှယ်ကြည့်ပါစေ။

**"တံတားဖြတ်ကျော်ကစားနည်း"**

- ပူးပေါင်းဆောင်ရွက်တတ်သည့် ကျွမ်းကျင်မှု တိုးတက်စေသော ကစားနည်း
- ကလေးအားလုံး အခန်းတစ်ဖက်မှာ တန်းစီပြီး ရပ်နေပါစေ။
- ကလေးတစ်ဦးကို တံတားဂိတ်မှူးအဖြစ် တာဝန်ယူပါစေ။
- ကလေးတွေက အောက်ပါအတိုင်း ပြိုင်တူဆိုရပါမည်။
- တံတားစောင့်ဂိတ်မှူးရယ် တံတားကြီးကို ဖြတ်ချင်တယ်။ ဖြတ်ချင်ရင်နားထောင်ကြ၊ သေသေချာချာ နားထောင်ကြ
- ဘောင်းဘီအပြာရောင်ဝတ်သူများ စာကလေးလိုအော်ပြီးဖြတ်ကူးသွား
- ဘောင်းဘီအနီရောင်ဝတ်သူများ ဖားကွက်လိုအော်ပြီးဖြတ်ကူးသွား
- ဘောင်းဘီအစိမ်းရောင်ဝတ်သူများ ကျီးကန်းလေးလိုအော်ပြီး ဖြတ်ကူးသွား
- ဘောင်းဘီနေရာတွင် အင်္ကျီဟု အစားထိုးပြောနိုင်ပါသည်။
- ကလေးတို့ဝတ်ဆင်မှုအပေါ်မူတည်ပြီးအရောင်ပြောင်းဆိုနိုင်ပါသည်။
- (ပတ်ဝန်းကျင်ရှိ ငှက်အမည်များကိုပြော၍ ကလေးအားလုံး ပါဝင်နိုင်အောင် ကစားပါစေ။)

**" မိတ်ဆွေကောင်း "**

တစ်ခါတုန်းက ကြက်မတစ်ကောင်နှင့် ဘဲမတစ်ကောင်တို့ ချစ်ချစ်ခင်ခင် အတူတူ နေထိုင်ကြတယ်။ ကြက်မလေးက လမ်းလျှောက်ရင် ခြေထောက်ရှည်ရှည်လေးတွေက သွက်သွက်လက်လက် လျှောက်နိုင်တယ်။ ဘဲမလေး သူ့ရဲ့ခြေထောက်တိုတိုလေးနဲ့ ဆိုတော့ လမ်းလျှောက်တာ နှေးတာပေါ့။ တစ်နေ့တော့ ငှက်ပေါင်းစုံပါဝင်တဲ့ ဇမ်ဂေါပွဲ (ကပွဲ)ကို ကြက်မလေးနဲ့ ဘဲမလေးတို့ သွားကြတယ်။ ကပွဲနောက်ကျမှာစိုးလို့ ကြက်မ လေးက မြန်မြန်လျှောက်ပြီးသွားပေမဲ့ ဘဲမလေးကတော့ နှေးနှေးလေး လျှောက်ပြီး သွားနေရတာပေါ့။ ကြက်မလေးက မြန်မြန်လျှောက်သွားတယ်။ ဘဲမလေးကလည်း နောက်က လိုက်တာပေါ့။ "ဘဲမလေးက ဟေ့သူငယ်ချင်း ငါ့ကိုစောင့်ပါဦး"လို့ ပြောလိုက် ပေမယ့် ကြက်မလေးက မစောင့်ဘဲဆက်သွားတယ်။

DBE BOX

ဒီလိုနဲ့သွားနေကြတာ ပွဲခင်းမရောက်ခင်မှာ ချောင်းကြီးတစ်ခုတွေ့တော့ ကြက်မလေးက ဆက်သွားလို့မရတော့ဘူး ဇမ်ဂေါပွဲကို သွားနေကြတဲ့ အခြားငှက်တွေက ချောင်းပေါ်က နေပျံသန်းပြီး ဖြတ်ကူးနိုင်ကြတာကိုကြက်မလေးက ငေးကြည့်တယ်။ ငါက ချောင်းကို အပေါ်ကနေလည်း ပျံပြီးမကူးနိုင်၊ ချောင်းရေထဲမှာလည်း မကူးတတ် ဘယ်လိုလုပ်ရပ့ါ မလဲလို့ တွေးရင်းထိုင်နေတဲ့ အချိန်မှာ ဘဲမလေးရောက်လာတယ်။ “ဟော့ ...... သူငယ်ချင်းရယ် ဘာလုပ်နေတာလဲ” မေးလိုက်တယ်။ ကြက်မလေးက “သူငယ်ချင်းရယ် ငါ ဒီချောင်းကို မကူးနိုင်ဘူး ကူညီပါဦး”လို့ ပြောလိုက်တယ်။ ဘဲမလေးက “သူငယ်ချင်း ရယ် တို့က သူငယ်ချင်း၊ မိတ်ဆွေရင်းတွေဘဲ တစ်ဖက်ကမ်းရောက်အောင် ခေါ်သွား ပ့ါမယ်၊ ကျောပေါ်တက်ပါလို့” ပြောလိုက်ပြီး ကြက်မလေးကို တစ်ဖက်ကမ်းအရောက် ခေါ်သွားတယ်။ တစ်ဖက်ကမ်းကိုရောက်တော့ ဇမ်ဂေါပွဲ(မနောပွဲ)ကို ဆက်သွားပြီး အခြားငှက်များနှင့်အတူတူ ကခုန်ကြပြီး ပွဲပြီးတော့မှပဲအတူတူ အိမ်အရောက် ပြန်လာခဲ့ ကြတယ်။

“ လော်ဝေါ ”
တိုင်းရင်းသားရိုးရာပုံပြင်